## ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## နဂမနေ့အစီအစဉ်

## ၆-၁၁-၂၀၁၂ (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဂမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **ဗမာ့ယဉ်ကျေးမှု မေးမှိန်ပျောက်ကွယ်၍ ဗမာလူမျိုးပါ တဖြည်းဖြည်း ပျောက်ကွယ် သွားနိုင်သည့် အမျိုးသားရေး အန္တရာယ်ကို ဟန့်တားစီမံ ဆောင်ရွက်ပေးနိုင်ရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသိန်းညွန့်၊ သဃ်ာန်းကျွန်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင်ပုဂ္ဂလိက သတင်းစာများ ထုတ်ဝေခွင့်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အားကစားကွင်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်၊ လှိုင်လင် ခရိုင်၊ အားကစားကွင်း Inner Fencing ကာရံခြင်းနှင့် လှိုင်လင် ခရိုင် အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ခြင်း လုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(င) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်၊ ကော့သလိုင် ရေနက်ကွင်းတွင် အောက်ဘက်သို့ သဘာဝအတိုင်း စီးဆင်း နေသော ရိုးပေါက်များအား နွေပိတ်/မိုးဖွင့် စနစ်စီမံပေးရန်၊ အချို့သောချောင်းပေါက်များအား မိမိတို့ကိုယ်ပိုင်လုပ်အားဖြင့် မြေသားအလုံပိတ်ခွင့်ကို ခွင့်ပြုပေးရန်၊ ရေကြီး နစ်မြုပ်မှုများ ကာကွယ်ရန် အခြားစီစဉ်ထားရှိမှုများ ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ် ကိုယ်စား ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **သက်တော်ရှေလှောင်တမံ (၂)၏ လိုအပ်လျက်ရှိသော ပင်မရေပေးမြောင်းမကြီးနှင့် မြောင်းလက်တံ များအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးအေးမောင်၊ မလှိုင် မဲဆန္ဒနယ်က **နိုင်ငံတော်အစိုးရ၏ လယ်ဆည် ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဘဏ်မှ မဟုတ်ဘဲ၊ ဗဟိုဘဏ် (သို့မဟုတ်) ဗဟိုဘဏ်၏ အခြားလက်အောက်ခံ ဘဏ်များ (စိုက်ပျိုးရေး ဘဏ်မှအပ)ပုဂ္ဂလိကဘဏ်များအပါအဝင်မှ တောင်သူလယ်သမား များအား ပိုင်ဆိုင်မြေယာများကို အာမခံထား၍ နစ်လတ်ချေးငွေများအား တစ်ဧကလျှင် ကျပ်တစ်သိန်းနှင့်အထက် လယ်ယာမြေအလိုက် ချေးငှား ပေးပါရန်နှင့် ချေးငှားရန်အတွက် လုပ်ထုံး လုပ်နည်း၊ နည်းဥပဒေများ မရှိက အသစ်ထပ်မံပြဋ္ဌာန်း၍ အမြန်ဆုံး ချေးပေးနိုင်ပါရန်** အဆို တင်သွင်းခြင်းနှင့်လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က တင်သွင်းခြင်း။

၉။ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို လွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး နဂမနေ့ ရုပ်နားကြောင်းနှင့်အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။